KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

မေလ ၆ရက်, ၂၀၁၆/KHRG စာအမှတ်-16-2-NB1

# ဒူးပလာယာနှင့် ဖားအံခရိုင်များမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှ ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာ ခြင်းနှင့် ၎င်း၏အကျိုးဆက်များ

ဤသတင်းအကျဉ်းချုပ်သည်။ ဒူးပလာယာခရိုင်နှင့် ဖားအံခရိုင်တို့မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလနှင့် ဒီဇင်ဘာလအတွင်းဖြစ်ပွားခဲ့သော မူးယစ်ဆေးဝါးအကြောင်းအရာများနှင့် ဒေသအတွင်းရှိလက်နက်ကိုင်အဖွဲ့များ မှ ထိုဖြစ်ပွားခဲ့သော မူးယစ်ဆေးဝါး အမှုများအပေါ် တုံ့ပြန်မှုဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထား ပါသည်။[1]

- ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ် အနီးအနားရှိ ရွာများမှ လက်နက်ကိုင်တပ်ဖွဲ့များထဲတွင် မိသားစုဝင်ရှိသော အမျိုးသမီးကြီးများသည် ၎င်းတို့၏ အမျိုးသားများ စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း မူးယစ်ဆေးဝါးများကို လျှို့ဝှက်စွာ ရောင်းဝယ်ဖောက်ကား နေပါသည်။
- အသက် ၅၀ ကျော် အရွယ်ရှိ ရွာသားတစ် ဦးသည် မော်တော်ဆိုင်ကယ် မတော်တဆတိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး သေဆုံး သွားခဲ့ပါသည်။ အဆိုပါးရွာသားအား တိုက်မိခဲ့သူမှာ ယာဘ ခေါ် စိတ်ကြွဆေးဖြစ်သည့် မူးယစ်ဆေးဝါးအား သုံးစွဲထားပြီး မူးယစ်နေ သော စောက… ဖြစ်ပါသည်။ သူသည် သေဆုံးသွား သော အဆိုပါ ရွာသားအတွက် သူ၏မိသားစုအား လျော်ကြေးပေးရန် အမိန့်ပေးခြင်း ခံခဲ့ရပါသည်။
- နယ်ကြားစောင့်တပ် အဖွဲ့တစ်ဖွဲ့သည် ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပိုင်ကျုံမြို့နယ်ရှိ ခ… ကျေးရွာတွင်း မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားနေသော နော်ဂ… ခေါ်

---

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

အမျိုးသမီးတစ်ဦးနှင့် သူမ၏သမီးနှစ်ဦးအား ဖမ်းဆီးရန် ကျေးရွာတွင်းသို့ ဝင်ရောက်ခဲ့ ကြပါသည်။ ေ နော်ဂ...သည် အိမ်တွင်း ရုတ်တရက် ဝင်ရောက်ဖမ်းဆီးချိန်တွင် ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ယခုအချိန်တွင် သူမသည် KNU/KNLA-PC ငြိမ်းချမ်းရေးအဖွဲ့မှ တပ်မှူး ကျော်ကျော် ဦးဆောင်သော ထော်မဲပါ တပ်ရင်းတွင် ပုန်းခိုနေပါသည်။ သူမ၏သမီးနှစ်ဦးသာလျှင် ဖမ်းဆီးခြင်းခံခဲ့ရပြီး ဒေသအတွင်းရှိ နယ်ခြားစောင့်တပ်၏ တပ်စခန်းတွင် ထိန်းသိမ်း ထားပါသည်။

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့ မှ ယခင်ကထုတ်ဝေခဲ့သော အစီရင်ခံစာများအရ ကရင်အမျိုးသားအစည်း အရုံး (KNU)၊ ကရင်ဒီမိုကရက်တစ် အကျိုးပြုတပ်မတော် DKBA၊ နယ်ခြားစောင့်တပ် BGF နှင့် တပ်မတော် တို့မှ ကရင်ပြည်နယ်ရှိ ကျေးရွာဒေသများအတွင်းတွင် ဖြစ်ပွားနေသော မူးယစ်ဆေးဝါးကိစ္စများအား အတူတကွ ပူးပေါင်းတိုက်ဖျက်ရန် ကြိုးပမ်းခဲ့ကြပြီး မူးယစ်ဆေးဝါးဆိုင်ရာ ဖြစ်ပွားသော အမှုများကိုလည်း ထိရောက်စွာအရေးယူနေပါသည်။ သို့သော် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှုများမှုများသည် ဆက်လက် ဖြစ်ပွားလျှက်ရှိနေသောကြောင့် ကရင်ပြည်နယ်အတွင်းရှိ အထူးသဖြင့် ဖားအံခရိုင်နှင့် ဒူးပလာယာခရိုင်များ အတွက် အဓိက စိုးရိမ်စရာ ဖြစ်လာခဲ့ပါသည်။
ဒူးပလာယာခရိုင်ရှိ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံအဖွဲ့ဝင်တစ်ဦးမှ တင်ပြချက်အရ ကော့ကရိတ်မြို့ အနီးရှိ ကျေးရွာများတွင် ယာဘ ရောင်းချမှုသည် ၂၀၁၅ ခုနှစ်တွင် များပြားလာခဲ့ပြီး ၂၀၁၆ ခုနှစ်အထိ ဆက်လက်များပြားနေပါသည်။ အဆိုပါ ဒေသခံအဖွဲ့ဝင်မှ ဆက်လက်တင်ပြသည်မှာ များသောအားဖြင့် လက်နက်ကိုင်အဖွဲ့ဝင်များနှင့် အိမ်ထောင်ကျပြီးသော အမျိုးသမီးကြီးများသည် ၎င်းတို့၏ လင်ယောက်ျားများ အိမ်၌ မရှိသည့်အချိန်တွင် မူးယစ်ဆေးဝါးများ လျှို့ဝှက်စွာ ရောင်းဝယ်ဖောက်ကားလျှက် ရှိနေပါသည်။ မူးယစ်ဆေးဝါး ရောင်းချမှုများသည် အခြားသော နေရာများဖြစ်သည့် ထိုင်းမြန်မာနယ်စပ် အနီးရှိ ဝေါလေ၊ သေ့ဘောဘိုးနှင့် ပလူး စသည့် နယ်စပ်ကျေးရွာများတွင်လည်း ဖြစ်ပေါ် နေပါသည်။




ဤအပုံကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်တွင် ရိုက်ကူးခဲ့ပါသည်။ ပုံမှာ စိုစွတ်မှုကြောင့် အနည်းငယ် ပုံပျက်နေသော ယာဘဆေးပြားများ ဖြစ်ပါသည်။ ကော့ကရိတ်မြို့အနီးရှိ ကျေးရွာများ ယားဘဆေးပြားများ သုံးစွဲမှုများပြားလာပါသည်။ လက်နက်ကိုင်အဖွဲ့ဝင်များနှင့် အိမ်ထောင်ကျသော အချို့သော အမျိုးသမီးကြီးများ သည် ၎င်းတို့လင်ယေက်ျားများ မရှိချိန်တွင် မူးယစ်ဆေးဝါများ ရောင်းချလျှက်ရှိနေပါသည်။
*[ပုံ : KHRG]*




အထက်ပါပုံများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ၄င်းပုံများတွင် ယ… ရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်မှ ရွာသားများ WY ခေါ် စိတ်ကြွဆေးပြားများ သုံးစွဲနေသောပုံများ ဖြစ်ပါသည်။ YW ဆေးပြားအား ယာဘ အဖြစ်သိရှိကြကာ ဆေးလုံးအဝိုင်းပုံစံဖြင့် ထုတ်လုပ်ရောင်းချလျှက်ရှိပြီး ကော်ဖီဓာတ်နှင့် စိတ်ကြွဆေး တို့ဖြင့် ပေါင်းစပ် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ ၄င်းဆေးပြားတစ်ပြားလျှင် ၂၅၀၀ ကျပ်ဖြင့် ရောင်းချလျှက်ရှိပြီး ကျေးရွာအတွင်းရှိ လူငယ်များ သာမက လူကြီးများပါ သုံးစွဲနေကြပါသည်။ *[ပုံ : KHRG]*

ယာဘ ခေါ် စိတ်ကြွဆေးများ ကျယ်ပြန့်စွာ အသုံးပြုခြင်းသည် သုံးစွဲသူများအား ထိခိုက်သည်သာမက အပြစ်မဲ့သည့် ဒေသခံရွာသူရွာသားများအပေါ်တွင်ပါ ဆိုးကျိုးသက်ရောက်မှုရှိ စေပါသည်။ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်ရှိ မီဂံကြားမနိုင်းကျေးရွာမှ အသက်၅၀အရွယ်ရှိသော ကျော်ဘလဲ့ အမည်ရှိ ရွာသား တစ်ဦး၏ ဆိုးရွားသော သေဆုံးမှုအဖြစ်အပျက်တစ်ခုအား ဥပမာ နေဖြင့် မြင်တွေ့နိုင်ပါသည်။ သူသည် ကော့ကရိတ်မြို့သို့ ဆိုင်ကယ်ဖြင့် ခရီးသွားစဉ် မူးယစ်ဆေးကြောင့် ဖြစ်သော ဆိုင်ကယ်မတော်တဆ တိုက်မှုတစ်ခု ကော်ဆောကျေးရွာတွင် ဖြစ်ပျက်ခဲ့သဖြင့် သေဆုံးသွားခဲ့ပါသည်။ ကျော်ဘလဲ့အား ဆိုင်ကယ်ဖြင့် ဝင်တိုက်သို့ စောက…သည် ဆိုင်ကယ်တိုက်မှု ဖြစ်ပွားပြီးနောက် ဆေးရုံသို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ရပါသည်။ စောက…မှ သူသည် ဆိုင်ကယ်မမောင်းခင် ယာဘ သုံးစွဲထားကြောင်းနှင့် ရလဒ်အနေဖြင့် ကျော်ဘလဲ့၏ ဆိုင်ကယ်အား ဤကဲ့သို့ ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း တင်ပြပါသည်။



အထက်ပါပုံအား ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ 11 ရက်နေ့တွင် ရိုက်ကူခဲ့ခြင်းဖြစ်ပါသည်။ ပုံတွင်ပြထားသော သေဆုံးသူမှာ အသက် ၅၀အရွယ်ရှိသော မီဂံကြားမနိုင်း ကျေးရွာမှ ရွာသား ကျော်ဘလဲ့ ဖြစ်ပြီး ဆိုင်ကယ်တိုက်မှုဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့၊ ညနေ ၃ နာရီအချိန် တွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့ နယ်ရှိ အခြား ဆိုင်ကယ်တစ်စီးမှမထင်မှတ်ဘဲ ဝင်တိုက်မိ ခဲ့ခြင်းကြောင့် ကော်ဆော ကျေးရွာတွင် ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ စောက...မှ ကျော် ဘလဲ့အား ဝင်တိုက်မိခဲ့ခြင်း ဖြစ်ပြီးနောက် ဆေးရုံသို့ ရောက်ရှိခဲ့ခြင်းဖြစပါသည်။ လောပါး ကျေးရွာနေ စောက... သည် မူးယစ်ဆေး သုံးစွဲ ခဲ့ခြင်းကြောင့် ဤကဲ့သို့ ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ သူသည် သေဆုံးသူ ကျော်ဘလဲ့၏ မိသားစုအား လျော်ကြေးပေးရန် စေခိုင်း ခြင်းခံခဲ့ရပါသည်။ *[ပုံ : KHRG]*

အချို့သောလက်နက်ကိုင် အဖွဲ့အစည်းများသည် ယာဘာသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ ရှိသောကြောင့် ၄င်းတို့သိရှိသော ယာဘာ ရောင်းဝယ်ဖောက်ကားသူများအား ထိရောက်သော အရေးယူမှုများပြုလုပ်နေပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် နေ့တွင် ဖြစ်ပွားခဲ့သော ဖြစ်ပျက်မှုတစ်ခုတွင် BGF စစ်သားများသည် ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ နော်ဂ... နှင့်သူမ၏သမီးနှစ်ဦးသည် ခ... ကျေးရွာအတွင်းတွင် မူးယစ်ဆေးဝါးရောင်းဝယ်ကြောင်း သတင်းရရှိသဖြင့် သူတို့အား ဖမ်းဆီးရန် ရွာထဲသို့ ဝင်ရောက်ခဲ့ပါသည်။ သို့သော် နော်ဂ...မှ ထွက်ပြေးတိမ်းရှောင်ခဲ့သောဖြင့် ၄င်းတို့သည် သူမ အား ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ပါ။ နော်ဂ....၏ အိမ်အား ဝင်ရောက်စီးနင်းချိန်တွင် ယာဘာဆေးပြား ၂ သောင်း၊ ၃၂ မမ ပစ္စတိုသေနတ်တစ်လက်နှင့်အတူ သူမနှင့်သူမ၏သမီးများ မူးယစ်ဆေးရောင်းဝယ်ပြီး ရရှိခဲ့သော ပိုက်ဆံအချို့တို့အား ရှာဖွေတွေ့ရှိခဲ့ပါသည်။ ယခုလက်ရှိ အချိန်တွင် နော်ဂ... သည် ဗိုလ်မှူးကျော်ကျော် ဦးဆောင်သော KPC ငြိမ်းချမ်းရေးအဖွဲ့ မှ ဗျူဟာအမှတ် ၃၊ ထော်မဲပါတပ်ရင်း တွင် ပုန်းခိုနေပါသည်။







အထက်ပါပုံများက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ခ... ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ အထက်ပါ ပထမ ၂ ပုံမှာ နော်ဂ... ၏သမီးများဖြစ်ကြသော နော်င... နှင့် နော်စ... တို့ဖြစ်ကြပြီ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် နေ့ တွင် မူးယစ်းဆေးဝါးရောင်းဝယ်မှုကြောင့် နယ်ခြားစောင့်တပ် BGF မှ ဖမ်းဆီးထိမ်းသိမ်ထားခြင်းခံခဲ့ရခြင်းဖြစ်ပါသည်။ နယ်ခြားစောင့်တပ်မှ ယာဘဆေးပြား ၂ သောင်းနှင့် ၃၂ မမ ပစ္စတိုသေနတ်တစ်လက်နှင့် ပိုက်ဆံအချို့ကိုရရှိခဲ့ပါသည်။ နယ်ခြားစောင့်တပ်မှလည်း နော်ဂ... အား ဖမ်းဆီးရန်ကြိုးပမ်းခဲ့သော်လည်း သူမမှ KNU/KNLA-PC ဗျူဟာအမှတ် ၃ အဖွဲ့တွင်း ဝင်ရောက်ပုန်းခိုနေခြင်းကြောင့် နယ်ခြားစောင့်တပ် BGFမှ မဖမ်းဆီးနိုင်ခဲ့ပါ။ တပ်ရင်းမှူး ကျော်ကျော်မှ သူမအား နွေးထွေးစွာကြိုဆိုပြီး ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ ဒေသခံအဖွဲ့ဝင်မှ ဆိုသည်မှာ တပ်ရင်းမှူးကျော်ကျော်မှ သူမအား နောက်နောင်တွင် မူးယစ်ဆေးအရောင်းအဝယ် မပြုလုပ်ရန် သင်ကြားပေးသင့်သည်ဟု တင်ပြထားပါသည်။
*[ပုံ : KHRG]*

ကရင်ပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များမှ မူးယစ်ဆေးဝါးအမှုများအား ထိရောက်စွာ အရေးယူမည်ဟု ဆိုကြသော်လည်း မူးယစ်ဆေးဝါးများကို ကျေးရွာဒေသများအတွင်းတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ၎င်းလက်နက်ကိုင်အဖွဲ့များ နှင့်ပတ်သက်သော မူးယစ်ဆေးဝါးအမှုများလည်း ဆက်လက်ဖြစ်ပေါ်နေပါသည်။ ယာဘ ခေါ် စိတ်ကြွမူးယစ်ဆေးဝါးကို ဘားအံခရိုင်နှင့် ဒူးပလာယာခရိုင်များတွင် ဝယ်ယူရရှိနိုင်ရန် မခက်ခဲသဖြင့် အထူးဖြင့် လူငယ်များ၊ ကျောင်းသားများနှင့် လူကြီးများမှ ကျယ်ပြန့်စွာအသုံးပြုနေကြပါသည်။ ယာဘကို အထူးသဖြင့် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် အလွယ်တကူ ရရှိနိုင်သောကြောင့် ၆ တန်း ၇ တန်း အရွယ် ကျောင်းသားများပင် မည်သို့အသုံး ပြုရမည်ကိုသိရှိကြသည်သာမက မူးယစ်ဆေးများ စွဲနေကြပြီးဖြစ်ပါသည်။ အကျိုးဆက် အနေဖြင့် အဆိုပါ ကျောင်းသားများသည် သူတို့၏ ကျောင်းဆရာ၊ ဆရာမများနှင့် မိဘစကားများကိုလိုက်နာခြင်းမရှိတော့ပါ။ ထို့ကြောင့် ဒေါ်နန်းစိန်ရွာမှ ရွာသားများနှင့် ဖလုံ၊ စဝေါ် ဒီမိုကရက်တစ်ပါတီရှိ ဦးစောသိန်းအောင်မှ ဤကဲ့သို့ မူးယစ်ဆေးဝါးဆိုင်ရာ အမှုများအား အမျိုးသားလွှတ်တော်သို့ တင်ပြပြီး မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု ရပ်တန့်ရန် အဆိုတင်သွင်း ခဲ့ပါသည်။ မူးယစ်ဆေးဆိုင်ရာ သတင်းအချက်အလက်များသည် အထူး စိုးရိမ်စရာ ကိစ္စတစ်ခု ဖြစ်ပါသည်။ အကြောင်းမှာ ဒေသခံရွာသားများမှလည်း မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများတွင် လက်နက်ကိုင် အဖွဲ့များမှ ပါဝင် ကျူးလွန်နေကြကြောင်း ထင်မြင်လျှက်ရှနေကြပါသည်။ ဒူးပလာယာခရိုင်မှ ကရင်လူ့အခွင်အရေးအဖွဲ့ဝင်မှ ဒေသခံဖွဲ့ဝင်တစ်ဦး၏တင်ပြချက်အရ “စိတ်ကြွဆေးပြားခေါ် မူးယစ်ဆေးဝါများဟာ လက်နက်ကိုင်အဖွဲ့များမှလာပြီးနောက် ၎င်းတို့မှ တစ်ဆင့် ပြည်သူများထံသို့ ပျံနှံ့လာခဲ့ခြင်းဖြစ်တယ်” ဟုဆိုပါသည်။